

# ပြုပြင်ပြောင်းလဲရေးလုပ်ငန်းစဉ်ဖော်ဆောင်နေမှုအခြေအနေများကို ပြည်သူလူထုထံသို့ ပွင့်လင်းမြင်သာစွာ စဉ်ဆက်မပြတ်အသိပေးသွားရန် လိုအပ်

**နေပြည်တော် ဇူလိုင် ၁၆**

အုပ်ချုပ်ရေး ပြုပြင်ပြောင်းလဲမှု ညှိနှိုင်းရေးကော်မတီအစည်းအဝေး (၄/ ၂၀၁၅)ကို ယနေ့နံနက် ၉ နာရီခွဲတွင် နိုင်ငံတော်သမ္မတရုံးအစည်းအဝေးခန်းမ၌ကျင်းပရာ ကော်မတီဥက္ကဋ္ဌ သမ္မတရုံးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးလှထွန်း တက်ရောက်အမှာစကား ပြောကြားသည်။**(အပေါ်ပုံ)**

အစည်းအဝေးသို့ ကော်မတီဒုတိယဥက္ကဋ္ဌ၊ ပြည်ထဲရေးဝန်ကြီးဌာန၊ ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ် ကျော်ဇံမြင့်၊ ပြည်ထောင်စုရာထူးဝန်အဖွဲ့ အဖွဲ့ဝင် ဦးခင်မောင်အေး၊ ကော်မတီဝင် ဒုတိယဝန်ကြီးများ၊ ဒုတိယရှေ့နေချုပ်၊ နေပြည်တော်ကောင်စီ အဖွဲ့ဝင်၊ နိုင်ငံတော်သမ္မတအကြံပေး ဒေါက်တာဇော်ဦး၊ ဌာနဆိုင်ရာအကြီးအကဲများ၊ မြန်မာနိုင်ငံဆိုင်ရာကုလသမဂ္ဂဖွံ့ဖြိုးမှုအစီအစဉ်(UNDP)မှ တာဝန်ရှိသူများ တက်ရောက်ကြပြီး ကော်မတီဝင် တိုင်းဒေသကြီး/ ပြည်နယ်များမှ ဝန်ကြီးများနှင့် နိုင်ငံတော်သမ္မတအကြံပေး ဒေါက်တာအောင်ထွန်းသက်တို့က Video Conferencing ဖြင့် ပါဝင်ဆွေးနွေးကြသည်။

အစည်းအဝေးတွင် ကော်မတီဥက္ကဋ္ဌက အုပ်ချုပ်ရေးပြုပြင်ပြောင်းလဲမှု မူဘောင်ရေးဆွဲရေး အကြံပြု အလုပ်ရုံဆွေးနွေးပွဲကို မေ ၂၃ နှင့် ၂၄ ရက်တို့တွင် နေပြည်တော်၌ အောင်မြင်စွာ ကျင်းပခဲ့ပြီး ဖြစ်ကြောင်း၊ အကြံပြု အလုပ်ရုံဆွေးနွေးပွဲမှ ရရှိလာသည့် ဖော်ထုတ်ချက်ရလဒ်များကို အခြေခံပြီး အမျိုးသားအဆင့် အုပ်ချုပ်ရေး ပြုပြင်ပြောင်းလဲမှု မူဘောင်ရေးဆွဲရေး ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ ပြည်သူဗဟိုပြု ပြုပြင်ပြောင်းလဲရေးအတွက် ပြည်သူတို့၏ ဆန္ဒ လိုအပ်ချက်နှင့် မျှော်လင့်ချက်များကို ဖြည့်ဆည်းဖော်ဆောင်နိုင်ရေး မူဘောင်တွင် ထည့်သွင်းရေးဆွဲရန် လိုအပ်ကြောင်း၊ အုပ်ချုပ်ရေးပြုပြင်ပြောင်းလဲမှုမူဘောင်သည် လက်တွေ့ နယ်ပယ်၌ အမှန်တကယ် ဟန်ချက်ညီညီ ဆောင်ရွက်နိုင်မည့် လုပ်ငန်းစဉ်များဖြစ်ရေးအတွက် အလေးထားရမည်ဖြစ်ပြီး ပြည်သူလူထုသို့ ပွင့်လင်းမြင်သာစွာ ရှင်းလင်းတင်ပြရမည်ဖြစ်ကြောင်း၊ သတင်းနည်းပညာ IT ကို ကျယ်ကျယ်ပြန့်ပြန့် သုံးစွဲနိုင်အောင် ဆောင်ရွက်ပေးခြင်းဖြင့် ပြည်သူ့ဝန်ဆောင်မှုလုပ်ငန်းများ ပိုမိုမြန်ဆန်ထိရောက်စွာ ဆောင်ရွက်ပေးနိုင်မည်ဖြစ်ကြောင်း၊ အုပ်ချုပ်မှု ပြုပြင်ပြောင်းလဲရာတွင် အစိုးရတစ်ဖွဲ့တည်းဖြင့် ဆောင်ရွက်၍ မရနိုင်ဘဲ ပြည်သူလူထုတစ်ရပ်လုံး ပူးပေါင်းပါဝင်နိုင်ရေးအတွက် အစိုးရ အုပ်ချုပ်ရေး ယန္တရားအဆင့်ဆင့်မှ စနစ်တကျတာဝန်ယူ ဖော်ဆောင်ရန် လိုအပ်ကြောင်း ပြောကြားသည်။

ထို့နောက် ကော်မတီဒုတိယဥက္ကဋ္ဌများက အုပ်ချုပ်ရေးပြုပြင်ပြောင်းလဲမှု မူဘောင်ပြုစုရေးဆွဲရေးစီစဉ်ဆောင်ရွက်ထားရှိမှုများကို လည်းကောင်း၊ ကော်မတီဝင်များနှင့် နိုင်ငံတော်သမ္မတအကြံပေး ဒေါက်တာဇော်ဦးတို့က လက်ရှိအခြေအနေများနှင့် မူဘောင်အား ဆက်စပ်နိုင်မှု အကြံပြုချက်များကို လည်းကောင်း၊ တိုင်းဒေသကြီး/ပြည်နယ်ဝန်ကြီးများနှင့် နိုင်ငံတော်သမ္မတအကြံပေး ဒေါက်တာအောင်ထွန်းသက်တို့က Video Conferencing ဖြင့် လည်းကောင်း တင်ပြဆွေးနွေးကြရာ ကော်မတီဥက္ကဋ္ဌက ပေါင်းစပ်ညှိနှိုင်းပေးပြီး ပြုပြင်ပြောင်းလဲရေးလုပ်ငန်းစဉ်အဆင့်ဆင့်တွင် ပါဝင်ဆောင်ရွက်နေသူများအနေဖြင့် မိမိတို့ဆောင်ရွက်ရမည့်လုပ်ငန်းစဉ်များကို ရှင်းလင်းစွာ သိရှိနားလည်ပြီး ဖော်ဆောင်သွားနိုင်ရန်သာမက ယင်းသို့ ဖော်ဆောင်နေမှုအခြေအနေများကို ပြည်သူလူထုထံသို့လည်း ပွင့်လင်းမြင်သာစွာ စဉ်ဆက်မပြတ် အသိပေးသွားရန် လိုအပ်ကြောင်း ပြောကြားသည်။

**(သတင်းစဉ်)**

Ref: the Mirror Daily 17th July, 2015